တူးဖော်ခြင်း နှင့် တွင်းခေါင်းပုံစံများတပ်ဆင်ခြင်းတွင် တွင်းတစ်တွင်းချင်းစီအတွက် နည်းလမ်းပုံစံတူ ဖြစ်ပြီး၊ အဆင့် ၃ ဆင့် (3 intervals) ဖြင့် တပ်ဆင်ဆောင်ရွက်နိုင်ပါသည်။ တူးဖော်ရေးကာလတွင်၊ တွင်းပေါက်ကို တွင်းတူးသည့်ခေါင်းနှင့် တူးဖော်ရေးပိုက်ဆက်ကွင်းဖြစ်သော တူးဖော်ရေးကြိုးချောင်းဖိအားနှင့် (ကြမ်းပြင်) ပုံစံဖွဲ့စည်းထားမှုသို့ တူးဖော်ယူမည် ဖြစ်ပါသည်။ ထိုးဖောက်မှုကြောင့် တူးစင်သို့ ကျစ်စာများ ပြန်လည်ပေးပို့ ရှင်းလင်းရေး ကို အထောက်အကူပြုစေရန် တူးဖော်ရေးပိုက်မှ ပင်လယ်ရေ သို့မဟုတ် တူးဖော်ရေးတွင်သုံးသည့်

ရွံ့များကို တွင်းပေါက်သို့ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။ အဆင့် တစ်ခုချင်းစီအတွက် ရေနံတွင်းတူးဖော်ခြင်း နှင့် တွင်းခေါင်းပုံစံ တပ်ဆင်မှုကို ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် အသေးစိတ် ဖော်ပြမည် ဖြစ်ပါသည်။

*တူးဖော်ရေးတွင်သုံးသည့် အရည်များ နှင့် ကျစ်စာများ*

တူးဖော်ရေးအရည် (ရွံ့ဟုလည်းခေါ်ပါသည်) ၏ အဓိကရည်ရွယ်ချက်များကို အောက်ပါအတိုင်း အတိုချုပ်ဖော်ပြထားပါသည် -

- ကျစ်စာများကို ရေမျက်နှာပြင်ပေါ်သို့သယ်ယူနိုင်ခြင်း၊
- တွင်းပေါက်ကို အေးစေနိုင်ခြင်းနှင့် ချောမွေ့စေနိုင်ခြင်း၊
- (ကြမ်းပြင်)ပုံစံဖွဲ့စည်းထားမှုတွင် ဂူခေါင်းများ သို့မဟုတ် ဖွက်တောများဖြစ်ပေါ်မှုမှ ကာကွယ်ရန် ရေဖိအားကို အသုံးပြုခြင်း၊
- လည့်ပတ်ဆောင်ရွက်မှုကို ကြားဖြတ်ဆောင်ရွက်ရာ (တူးဖော်ရေးပိုက်ကို နောက်ထပ် အသစ်ဆက်ရာ) တွင် တွင်းခေါင်းရှိ အောက်သို့ဖိအားကို ထိန်းထားနိုင်ရန် ထွက်ရှိ ပစ္စည်း များ ((ဥပမာ - ကျစ်စာများ နှင့် ဗရိုက်တီးများ) ၏သိပ်သည်းဆကို ထိန်းထားနိုင်ခြင်း၊

PTTEPI သည် ပင်လယ်ရေ၊ ရေအခြေပြုရွံ့ (WBM) နှင့် ပြုလုပ်ထားသည့်တူးဖော်ရေးအရည် (SDF) ကဲ့သို့သော တူးဖော်ရေးအရည်အမျိုးအစားများကိုအသုံးပြုလျှက်၊ ဓာတ်ကထုတ်ရေးတွင်းများကို တူးဖော်ရန် စီစဉ်ထားပါသည်။ ရွံ့အမျိုးအစားကို လိုအပ်သည့်သွင်ပြင်လက္ခဏာပေါ်မူတည်၍ ထည့်သွင်းစဉ်းမည် ဖြစ်ပါသည်။ တူးဖော်ရေးကျစ်စာများမှာ တူးဖော်ရေးလုပ်ငန်းစဉ်ကာလအတွင်း ထွက်ရှိလာသည့် (ကြမ်းပြင်)ဖွဲ့စည်းမှုအစအနများဖြစ်ပါသည်။ PTTEPI သည် ရွံ့များ နှင့် ကျစ်စာများ အားလုံး ကို မြန်မာဥပဒေနှင့်အညီဖြစ်စေရန် နှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုလျော့နည်းစေရန် အသေအချာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရွံ့နှင့် ကျစ်စာများ စီမံခန့်ခွဲရေးအသေးစိတ်အပြည့်အစုံကို ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၄*** တွင် တင်ပြထားပါသည်။

*ရေနံတွင်းပြီးမြောက်မှု*

ထုတ်လုပ်ရေးတွင်းတူးဖော်ခြင်းနှင့်တွင်းမှတ်တမ်းတင်ပြီးနောက်၊ တွင်းပြီးမြောက်ရန်အတွက် ကိရိယာများ ကို တပ်ဆင်မည် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကို ဤပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ၏ ***အခန်း ၄*** တွင် အသေးစိတ်ဖော်ပြထားပါသည်။

## *1.4 စီမံကိန်းအချိန်ဇယား*

စီမံကိန်းအချိန်ဇယား၏ ခြုံငုံသုံးသပ်ချက်ကို ***ဇယား ၁.၂*** တွင် ဖော်ပြထားပါသည်။

## ဇယား ၁.၂ စီမံကိန်းအချိန်ဇယား

| ဖော်ပြချက် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| **အဆင့် 1C** | | | | | | | |
| - တွင်းတူးစင် & ပိုက်လိုင်း တပ်ဆင်ခြင်း | | ၄ WPs | | | | | |
| - တူးဖော်ခြင်း & ပြီးမြောက်မှု | | | အဆင့် 1C တူးဖော်ခြင်း & ပြီးမြောက်မှု | | | | |
| **အဆင့် 1D** | | | | | | | |
| - တွင်းတူးစင် & ပိုက်လိုင်း တပ်ဆင်ခြင်း | | | | | ၈ WPs | | |
| - တူးဖော်ခြင်း & ပြီးမြောက်မှု | | | | | | အဆင့် 1D တူးဖော်ခြင်း & ပြီးမြောက်မှု | |

မှတ်ချက် - ထုတ်လုပ်ရေးအဆင့်ကို တွင်းပြီးမြောက်မှု ပြီးနောက်တွင် စတင်မည် ဖြစ်ပါသည်။

## 1.5 သက်ဆိုင်ရာ ဥပဒေများ အကျဉ်းချုပ်

မြန်မာနိုင်ငံအတွက် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းလုပ်ထုံးလုပ်နည်းကို သယံဇာတ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) (ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာ - MOECAF ဟုခေါ်ပါသည်) သည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီသုံးခု နှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့်Asian Development Bank Greater Mekong Region – Environment Operations Centre (ADB GMS-EOC) မှ ပညာရှင်များ၏ နည်းပညာဆိုင်ရာ အထောက်အပံ့များ ဖြင့် ဖွဲ့စည်းထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ စိစစ်သုံး သပ်ရေးအဖွဲ့ ကော်မတီ၏ အကူအညီဖြင့် ပြင်ဆင်ရေးသားခဲ့ပါသည်။

အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (နောက်ပိုင်းတွင် ပတ်ဝန်း ကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းဟု ရည်ညွှန်းခေါ်ဝေါ်သွားပါမည်) အရ၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) ကို ရရှိရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ကို ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက် တစ်ခု ပါဝင်ပါသည် [(1)]။ ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ၏ ***အခန်း ၃*** တွင် ပတ်ဝန်းကျင်နှင့် လူမှုရေးအကြောင်းအရာများ နှင့် စပ်လျဉ်းသည့် ဥပဒေစာရင်းအပြည့်အစုံ နှင့် အဆိုပြု ဆိုက်စမစ် တိုင်းတာရေးများ အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လေ့လာမှု ဆိုင်ရာ ဥပဒေများ အပါအဝင် ဤလုပ်ငန်းစဉ်ကို နောက်ထပ်ဖော်ပြထားပါသည်။

## 1.6 အနီးပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက်အကျဉ်းချုပ်

ကမ်းလွန်စီမံကိန်းလုပ်ငန်းတည်နေရာမှာ ကမ်းခြေမှကွာဝေးသောကြောင့် ဆိုက်စမစ် တိုင်းတာရေး ဧရိယာ၏ ဇီဝဆိုင်ရာသဘာဝအခြေအနေသည် ပိုမိုကောင်းမွန်သော ကမ်းနီး ဧရိယာများနှင့် နှိုင်းယှဉ်လျှင် ဂေဟစနစ် တန်းဖိုးအရ နည်းပါးသည်ဟု သတ်မှတ်ပါသည်။ ရေနက်ပိုင်းစီမံကိန်းများ သည် ပင်လယ်ကမ်းခြေရှိကျေးရွာများသို့ ကြီးမားသည့်ဂေဟဆိုင်ရာအရေးပါမှုထောက်ပံ့နေသည်ဟု မမျှော်လင့်ရပါ။ သို့ရာတွင်၊ အဏ္ဏဝါနို့တိုက်သတ္တဝါ များ၊ ပင်လယ်လိပ်များ နှင့် ပင်လယ်ပျော် ငှက်များသည် ဤရေပြင်များတွင် အခါအားလျော်စွာ ဖြတ်သန်း သွားလာလျက်ရှိသည်ကို မှတ်သား ရပါသည်။

ထို့အပြင်၊ ၂၀၀၉ နှင့် ၂၀၁၆ တွင် စီမံကိန်းဧရိယာရှိ အခြေခံအချက်အလက်များလေ့လာမှုရလဒ် သုံးသပ်ချက် (***အခန်း ၅*** တွင် တင်ပြထားသည့်အတိုင်း) မှ အောက်ပါတို့ကို အကျဉ်းချုပ်ဖော်ပြ အပ်ပါသည် -

- **ရေအောက်ကြမ်းပြင်နေသက်ရှိသတ္တဝါများနှင့် ရေမျောလေ့းများ** - ရေမျောလေ့း၊ ငါးပို လောက် လမ်းများ နှင့် ရေအောက်ကြမ်းပြင်နေသက်ရှိသတ္တဝါများသည် ၂၀၀၉ နှင့် ၂၀၁၆ စစ်တမ်းများကာလအကြားတွင် ပုံမှန်အခြေအနေတွင်ရှိနေပြီး၊ အဆက်မပြတ်

(1) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) ၏ ပုဒ်မ ၇ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ နည်းဥပဒေ (၂၀၁၄) ၏ ပုဒ်မ ၅၂၊ ၅၃ နှင့် ၅၅ တို့အရ ဖြစ်ပါသည်။

လျော့နည်း သွားခြင်းမရှိကြောင်း (အချို့ညွှန်းကိန်းများအရ၊ တချို့မှာ တိုးပွားလာပြီး၊ တချို့မှာ လျော့ နည်းသွားကြသော်လည်း၊ လျော့နည်းသွားမှုမှာ အချိန်ကြာလာသည်နှင့်အမျှ ဂေဟာစနစ် တစ်ခုလုံး၏ကောင်းမွန်သောတစ်ခုလုံးအခြေအနေနှင့် ချိတ်ဆက်နေမှု မရှိ ကြောင်း) တွေ့ရှိရပါသည်။

- **ပင်လယ်ရေအရည်အသွေး** - ပင်လယ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ တိုင်းတာမှု ညွှန်းကိန်းအားလုံး နီးပါးသည် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိပါသည်။ ခြွင်းချက်တစ်ခုမှာ အောက်ဆီဂျင်ပါဝင်မှု (dissolved oxygen) ဖြစ်ပါသော်လည်း၊ ယင်းကဲ့သို့ စံချိန်စံညွှန်း အောက်နိမ့်ပါးသည့်တွေ့ရှိရမှုမှာ ပုံမှန်အားဖြင့် အောက်ဆီဂျင်ပါဝင်မှု နည်းပါးသည့် ရေအနက် ၅၀ မီတာအောက်နေရာတွင် ဖြစ်ပါသည်။ ထို့အပြင်၊ ၂၀၀၉ နှင့် ၂၀၁၆ စစ်တမ်းများကာလအကြား၊ ဗေရီယမ်ဓါတ် (barium)၊ ခရိုမီယမ် (chromium)၊ သံဓါတ် (iron)၊ နှင့် ပြဒါးဓါတ် (mercury) တို့မှ လွဲ၍ အရေးပါသောပြောင်းလဲမှုကို ညွှန်းကိန်းများတွင် မတွေ့ရှိရပါ။ ဤညွှန်းကိန်းများ၏ ဒြပ်ပါဝင်မှုများတိုးပွားလာခြင်းမှာ ကာလတစ်ခုအတွင်း ပြုလုပ်ပြီးသည့် တူးဖော်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကြောင့်ဟု မှတ်ယူကောင်း မှတ်ယူနိုင်မည် ဖြစ်ပါသည်။ သို့ရာတွင်၊ အဆင့်များမှာ သက်ဆိုင်ရာစံချိန်စံညွှန်းများအောက် ရောက်ရှိနေပြီး ကိုက်ညီမှုရှိပါသည်။ ခြုံငုံသုံးသပ်ရလျှင်၊ စီမံကိန်းဧရိယာရှိ ပင်လယ် ရေ အရည် အသွေး မှာ ကောင်းမွန်ပြီး၊ သက်ရောက်ဖြစ်ပေါ်ရန် ထိခိုက်လွယ်မှုနည်းပါး ပါသည်။
- **အနည်အနစ်အရည်အသွေး** - စစ်တမ်းနှစ်ခုလုံးရလဒ်များမှ တိုင်းတာမှုညွှန်းကိန်းများ အားလုံး နီးပါးသည် NOAA အနည်အနစ်အရည်အသွေးလမ်းညွှန်ချက်များ (ERL နှင့် ERM) နှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။ ခြွင်းချက်တစ်ခုမှာ နီကယ်ဒြပ်စင် (Nickel) ဖြစ်ပါသည်။ ၎င်းကို ၂၀၀၉ ခုနှစ် စစ်တမ်းတွင် ၂၉-၆၃ မီလီဂရမ်/ကီလိုဂရမ် နှင့် ၂၀၁၆ ခုနှစ် စစ်တမ်းတွင် ၅.၉၉-၃၉.၅၆ မီလီဂရမ်/ကီလိုဂရမ် သို့ ကွဲလွဲမှုကိုတွေ့ရှိရပြီး၊ 2009 ခုနှစ်ကာလတွင် တိုင်းတာခဲ့သော အာဆင်နစ် (Arsenic –As) ကို ERL အထက် ၃-၂၀ မီလီဂရမ်/ကီလိုဂရမ် ၌ တွေ့ရှိရပါသည်။ ၂၀၀၉ နှင့် ၂၀၁၆ ကာလအကြား နီကယ် နှင့် အာဆင်နစ် ပါဝင်မှု မှာ လျော့သွားကြောင်း မှတ်ယူရမည် ဖြစ်ပါသည်။ အခြားမှတ်သားလောက်သည့်ရလဒ်များမှာ ၂၀၀၉ နှင့် ၂၀၁၆ ကာလအကြား အနည်အနစ်ရှိ ဗေရီယမ်ဓါတ် ပါဝင်မှုသည် ကြီးမားစွာတိုးပွားလာကြောင်း တွေ့ရှိရပါသည်။

အနီးပတ်ဝန်းကျင်ဆိုင်ရာ နောက်ထပ်အသေးစိတ်အချက်အလက်များကို ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၅*** တွင် တင်ပြထားပါသည်။

## *1.7 အဓိက သက်ရောက်မှုများ နှင့် လျော့ချရေးအစီအမံများကိုတင်ပြခြင်း*

သက်ရောက်မှုဆန်းစစ်ခြင်း၏ ရလဒ် နှင့် အဓိကလျော့ကျစေရေးလုပ်ငန်းများ အပါအဝင် စီမံကိန်း ကြောင့် အဓိကသက်ရောက်မှု အကျဉ်းချုပ် ကို ဇယား ၁.၃ တွင စာရင်းပြုစုထားပါသည်။ ဤသည် မှာ အရေးအပါဆုံး သက်ရောက်မှုများနှင့် လျော့ချရေးလုပ်ငန်းများ၏ အကျဉ်းချုပ်သာ ဖြစ်ပါသည်။ လုပ်ငန်းရပ်တစ်ခုချင်းစီ ကြောင့် ဖစ်ပေါ်လာနိုင်သည့်သက်ရောက်မှုအားလုံး အသေးစိတ်အပြည့်အစုံကို ***အခန်း ၆*** တွင် တင်ပြထားပြီး၊ သက်ရောက်မှုတစ်ခုချင်းစီအတွက် လျော့ချရေးလုပ်ငန်းများစာရင်းကို***အခန်း ၈*** တွင် တင်ပြထားပါသည်။

ဖော်ထုတ်ထားသောဖြစ်လာဖွယ်ရှိသည့် သက်ရောက်မှုကို လျှော့ချရန် နှင့်/သို့မဟုတ် ကြီးမားသည့် သက်ရောက်မှု တစ်ခုခု ဖြစ်လျှင်၊ ၎င်း၏ ပမာဏနှင့် ပြင်းထန်မှုကို ကန့်သတ်နိုင်ရန် အတွက် လျှော့ချရေး လုပ်ငန်းများကို အသုံးပြုမည် ဖြစ်ပါသည်။ အဆိုပြုလျော့ကျစေရေးလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ စီမံကိန်း လုပ်ငန်းများပြုလုပ်နေစဉ်အတောအတွင်း၊ ဖော်ထုတ်ထားသည့်သက်ရောက်မှုများကို စီမံခန့်ခွဲရန်၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီဖြစ်စေရန် နှင့် လက်ခံထားသည့် နိုင်ငံတကာ လုပ်ငန်းများအလေ့အထ စံညွှန်းများ ကို လည်း သေချာစေရန် ဖြစ်ပါသည်။

ဖော်ထုတ်ထားသော ဖြစ်လာနိုင်သည့် သက်ရောက်မှုများအားလုံးသည် ဤလျော့ကျစေရေးလုပ်ငန်းများ အ ကောင်အထည်ဖော်ခြင်းဖြင့် နည်းလမ်းမှန်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး၊ စီမံကိန်းလုပ်ငန်းများကြောင့် ကြွင်းကျန် သက်ရောက်မှုများမရှိနိုင်ကြောင်း တင်ပြအပ်ပါသည်။

*ဇယား ၁.၃ တပ်ဆင်မှုကာလအတွင်း စီမံကိန်းအတွက် အဓိက လျှော့ချရေးအစီအမံများ*

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျှော့ချရေးအစီအမံများ |
|---|---|---|
| **ပတ်ဝန်းကျင်ဆိုင်ရာ လျှော့ချရေးအစီအမံများ** | | |
| 1. လေထုအရည်အသွေး | 1.1. တူးဖော်ရေးစင်၊ လူနေဆောင်၊ တွင်းတူးစင်များ၊ ထောက်ပံ့ရေး ရေယာဉ်များ တပ်ဆင်ရေးစက်များလည်ပတ်မှုကြောင့်၊ လောင်စာ လောင်ကျွမ်းမှုမှ လေထုတ်လွှတ်မှုများ။ | 1.1.1. လောင်စာလောင်ကျွမ်းမှုကိုစွမ်းရည်ပြည့်ဝစွာဆောင်ရွက်နိုင်ရန် ထုတ်လုပ်သူများ၏ အကြံပြုချက်များ /ထိန်းသိမ်းရေး အချိန်ဇယား အတိုင်း စက်ပစ္စည်းများအားလုံးအတွက် ပုံမှန်စစ်ဆေးခြင်း နှင့် ကာကွယ်ထိန်းသိမ်းခြင်း တို့ကို ပြုလုပ်ဆောင်ရွက်ခြင်း။ |
| 2. ပင်လယ်ရေအရည်အသွေး | 2.1. ရေယာဉ်များ နှင့် တူးဖော်ရေးစင် မှ ဆီပါဝင်သည့်ရေဆိုးများ (ရေယာဉ်ဝမ်းပြားရေ၊ စက်ခန်း နှင့် ကုန်းပတ်မှစွန့်ထုတ်သည့် ဆီ-ဓာတုပါဝင်သည့် ရေဆိုး) စွန့်ထုတ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေးအပေါ် ထိခိုက်မှု။ | 2.1.1. *စီမံကိန်းရေယာဉ်များကို* MARPOL *၇၃/၇၈ နှင့်* PTTEPI *၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ချက်များနှင့်အညီ လည်ပတ်စေခြင်း။* |
| | 2.2. တူးဖော်ရေးစင်၊ လူနေဆောင်၊ ထောက်ပံ့ရေး ရေယာဉ်များမှ ရေဆိုး နှင့် မိလ္လာရေးဆိုးစွန့်ထုတ်မှုကြောင့် ပင်လယ်ရေ အရည်အသွေးအပေါ် ထိခိုက်မှု။ | 2.2.1. အနီးဆုံးကမ်းမှ ရေမိုင် ၁၂ မိုင် (၂၂.၂၂ ကီလိုမီတာ) အကွာဝေးကျော်သို့ သယ်ယူမစွန့်ထုတ်မီ မိလ္လာရေဆိုးများကို စွန့်ပစ်ရေသန့်စင်ရေးစနစ်ဖြင့် သန့်စင်ခြင်း၊ စွန့်ထုတ်ရေများသည် MARPOL ၇၃/၇၈ ၏သတ်မှတ်ချက်များနှင့် အညီဖြစ်ခြင်း။ |
| | 2.3. တူးဖော်ရေးစင်တပ်ဆင်ခြင်း၊ တွင်းတူးစင်များ(WPs) တပ်ဆင်ခြင်း၊ ရေ အောက်ပိုက်လိုင်းတပ်ဆင်ခြင်းတို့သည် ပင်လယ်ကြမ်းပြင် ဧရိယာ၏ ကြမ်းပြင်အနည်အနစ်ပမာဏအနည်းငယ်အပေါ် ထိခိုက်နိုင်ခြင်း နှင့် ပင်လယ်ရေပိုမိုနောက်ကျိခြင်း နှင့် ပင်လယ် ကြမ်းပြင် တွင် စီမံကိန်းနေရာတစ်ဝိုက် အခြေအနေများ ပြောင်းလဲ စေခြင်း။ | 2.3.1. ရေအောက်ပိုက်လိုင်းများကို သောင်မတူးဘဲ ပင်လယ်ကြမ်းပြင်ပေါ်တွင် တိုက်ရိုက်တပ်ဆင် ဆောင်ရွက်ခြင်း။ |
| | | 2.3.2. ပင်လယ်ကြမ်းပြင် သို့ ထိုးဖောက်သည်အနက်မကို လျှော့ချရန်နှင့် စင်၏ တည်ငြိမ်မှုတစ်ခုလုံးကို ထိန်းနိုင်ရန် တူးဖော်ရေးစင်၏ ခြေတိုင်များကို အောက်ခြေအစဉ်အခဲလုံးချွန် (spud-can)ဖြင့် ဆောင်ရွက်ခြင်း။ |
| | 2.4. ပိုက်လိုင်းစစ်ဆေးခြင်းမှစွန့်ပစ်ရည်စွန့်ထုတ်ခြင်း တွင် သုံးသောဆိုးဆေး၊ အောက်ဆီဂျင် စုပ်ယူတတ်ပြီး၊ ပိုးမွှားပေါင်းသတ်ဆေးများမှ ပင်လယ် ရေ အရည် အသွေးအပေါ်ထိခိုက်မှု။ | 2.4.1. ပိုက်လိုင်းစစ်ဆေးခြင်းအတွက် ဇီဝအရည်အသွေးကိုမထိခိုက်၊ ပတ်ဝန်းကျင်ကျင်အတွက် လက်ခံနိုင်ဖွယ်ရှိသော ဓါတုပစ္စည်းများကို အသုံးပြုခြင်း၊ |

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျှော့ချရေးအစီအမံများ |
|---|---|---|
| 3. ပင်လယ်ကြမ်းပြင် သွင်ပြင်လက္ခဏာများ | 3.1. ပင်လယ်ကြမ်းပြင်အနည်အနစ်သွင်ပြင်များအပေါ် တွင်းတူးစက်၊ ပိုက်လိုင်း၊ နှင့် တွင်းတူးစင်တပ်ဆင်ခြင်းများ၊ ကျောက်ချခြင်းများကြောင့် ထိခိုက်နိုင်ခြင်း။ | 3.1.1. တွင်းတူးစက်တပ်ဆင်မှုကြောင့် ထိခိုက်နိုင်ဖွယ်ရှိသည့် ပင်လယ်ကြမ်းပြင်အင်္ဂါရပ်များကို သတ်မှတ်နိုင်ရန် ပင်လယ်ကြမ်းပြင်တိုင်းတာရေး ပြုလုပ်ဆောင်ရွက်ခြင်း။ |
| | | 3.1.2. ပင်လယ်ကြမ်းပြင် သို့ ထိုးဖောက်သည်အနက်မကို လျှော့ချရန်နှင့် စင်၏ တည်ငြိမ်မှုတစ်ခုလုံးကို ထိန်းနိုင်ရန် တူးဖော်ရေးစင်၏ ခြေတိုင်များကို အောက်ခြေအစဉ်အခဲလုံးချွန် (spud-can)ဖြင့် ဆောင်ရွက်ခြင်း။ |
| 4. ပင်လယ်သက်ရှိသတ္တဝါများ နှင့် ပင်လယ်ဂေဟစနစ် | 4.1. ရေယာဉ်များ နှင့် ကမ်းလွန်အဆောက်အအုံများမှ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေ နှင့် စွန့်ထုတ်မှုများသည် ပင်လယ်ရေ နှင့် အနည်အနစ်များ အပေါ် ထိခိုက်မှု။ ၎င်းမှ ရေမျက်နှာပြင်အဆင့် နှင့် ပင်လယ်ကြမ်းပြင် ရှိ အဏ္ဏဝါဂေဟစနစ်နေရာများအပေါ် သွယ်ဝိုက်၍ ထိခိုက်နိုင်မှု။ | 4.1.1. အထက်ပါ နံပါတ် ၂ နှင့် ၃ အတိုင်း လျှော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| | 4.2. တွင်းတူးစက်တပ်ဆင်ခြင်း၊ ရေအောက်ပိုက်လိုင်း နှင့် တွင်းတူးစင်(WP) တပ်ဆင်ခြင်း ကြောင့် ပင်လယ်ရေ အရည်အသွေး နှင့် အနည်အနစ် အပေါ် ထိခိုက်နိုင်ခြင်း နှင့် ပင်လယ်သက်ရှိ သတ္တဝါများ နှင့် ပင်လယ်ဂေဟစနစ်အပေါ် တစ်ဆင့်ခံ ထိခိုက်နိုင်မှု။ | 4.2.1. အထက်ပါ နံပါတ် ၂ နှင့် ၃ အတိုင်း လျှော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| **လူမှုဆိုင်ရာလျှော့ချရေးအစီအမံများ** | | |
| 5. ရေလုပ်ငန်းလုပ်ကိုင်သောရပ်ရွာများ/ရေလုပ်ငန်း | 5.1. တွင်းတူးစက်၊ တွင်းတူးစင်များ (WPs) နှင့် ရေယာဉ်များ နှင့် ၅၀၀ မီတာ အန္တရာယ်ကင်းရှင်းရေးဇုန်တို့ ရှိနေခြင်းကြောင့် ငါးဖမ်း နေရာများ လျှော့နည်းသွားခြင်း။ | 5.1.1. တွင်းတူးစင် (WP) သယ်ယူပို့ဆောင်ခြင်း၊ တွင်းတူးစင် (WP) တပ်ဆင်ခြင်း သို့မဟုတ် ပိုက်လိုင်း တပ်ဆင်ခြင်း တို့ မပြုလုပ်မီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ညှိနှိုင်းလျှက် စီမံကိန်း ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် "ရေကြောင်းသတိပေးချက်" ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများ (ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် မြန်မာ့ရေတပ်) သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားဆောင်ရွက်ခြင်း။ |
| | | 5.1.2. တွင်းတူးစင်များ (WPs)၊ ပိုက်လိုင်းတပ်ဆင်ရေးဝမ်းပြားရေယာဉ် နှင့် တူးဖော်ရေးစင် ပတ်လည်တွင် ၅၀၀ မီတာရှိ ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်ကို သတ်မှတ်ထားရှိခြင်း။ |
| | 5.2. ပင်လယ်ရေ နှင့် အနည်အနစ် ထိခိုက်မှုကြောင့် တစ်ဆင့်ခံ ပင်လယ် ဂေဟဆိုင်ရာအရေအတွက်နှင့် အရည်အသွေး လျော့ကျစေနိုင်ခြင်း။ | 5.2.1. အထက်ပါ နံပါတ် ၂ အတိုင်း လျှော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျော့ချရေးအစီအမံများ |
|---|---|---|
| 6. သဘော်သွားလာမှု/ရေကြောင်းသွားလာမှု | 6.1. ကုန်းပေါ်မှ တွင်းတူးစက်၊ တွင်းတူးစင်များ (WPs)၊ နှင့် ကိရိယာများ သယ်ယူပို့ဆောင်ရေးကာလအတွင်း ပင်လယ်ရေယာဉ်များ၏ ရေကြောင်း သွားလာမှုအခြေအနေများအပေါ် အနှောင့်အယှက်ဖြစ်ပေါ်နိုင်ခြင်း။ | 6.1.1. တွင်းတူးစင် (WP) သယ်ယူပို့ဆောင်ခြင်း၊ တွင်းတူးစင် (WP) တပ်ဆင်ခြင်း သို့မဟုတ် ပိုက်လိုင်းတပ်ဆင်ခြင်း တို့ မပြုလုပ်မီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ညှိနှိုင်းလျက် စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် "ရေကြောင်းသတိပေးချက်" ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ (ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် မြန်မာ့ရေတပ်) သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားဆောင်ရွက်ခြင်း။ |
| | 6.2. ကမ်းလွန်အဆောက်အအုံများရှိနေခြင်းကြောင့် ရေကြောင်း သွားလာမှုအပေါ် အနှောင့်အယှက်ဖြစ်ပေါ်နိုင်ခြင်း။ | 6.2.1. တွင်းတူးစင် (WP) သယ်ယူပို့ဆောင်ခြင်း၊ တွင်းတူးစင် (WP) တပ်ဆင်ခြင်း သို့မဟုတ် ပိုက်လိုင်းတပ်ဆင်ခြင်း တို့ မပြုလုပ်မီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ညှိနှိုင်းလျက် စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် "ရေကြောင်းသတိပေးချက်" ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ (ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် မြန်မာ့ရေတပ်) သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားဆောင်ရွက်ခြင်း။ |
| | | 6.2.2. တွင်းတူးစင်များ (WPs) နှင့် တူးဖော်ရေးစင် ပတ်လည်တွင် ၅၀၀ မီတာရှိ ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်ကို သတ်မှတ်ထားရှိခြင်း၊ နှင့် တိုက်မိခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်သို့ ချဉ်းကပ်လာသော ငါးဖမ်းရေယာဉ်များ နှင့် ကုန်သွယ်ရေးရေယာဉ်များကို စောင့်ကြည့်ရန် ထောက်ပံ့ရေးရေယာဉ်များ ထားရှိခြင်း။ |

*ဇယား ၁.၄ ဖွံ့ဖြိုးရေးတွင်းတူးဖော်ရေးကာလအတွင်း စီမံကိန်းအတွက် အဓိကလျော့ချရေးအစီအမံများ*

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျော့ချရေးအစီအမံများ |
|---|---|---|
| **ပတ်ဝန်းကျင်ဆိုင်ရာ လျော့ချရေးအစီအမံများ** | | |
| 1. လေထုအရည်အသွေး | 1.1. တွင်းတူးစက်၊ လူနေဆောင်၊ တွင်းတူးစင်များ၊ ထောက်ပံ့ရေး ရေယာဉ်များ တပ်ဆင်ရေးစက်များလည်ပတ်မှုကြောင့်၊ လောင့်စာလောင်ကျွမ်းမှုမှ လေထုတ်လွှတ်မှုများ။ | 1.1.1. လောင်စာလောင်ကျွမ်းမှုကိုစွမ်းရည်ပြည့်ဝစွာဆောင်ရွက်နိုင်ရန် ထုတ်လုပ်သူများ၏ အကြံပြုချက်များ /ထိန်းသိမ်းရေး အချိန်ဇယား အတိုင်း စက်ပစ္စည်းများအားလုံးအတွက် ပုံမှန်စစ်ဆေးခြင်း နှင့် ကာကွယ်ထိန်းသိမ်းခြင်း တို့ကို ပြုလုပ်ဆောင်ရွက်ခြင်း။ |
| 2. ပင်လယ်ရေအရည်အသွေး | 2.1. ရွှံ့များ နှင့် ကျစ်စာများ ကို ပင်လယ်သို့ စွန့်ထုတ်ခြင်းသည် ပင်လယ်ရေ နှင့် အနည်အနစ် အရည်အသွေးအပေါ် ထိခိုက်နိုင်ခြင်း။ | 2.1.1. ရွှံ့ နှင့် ကျစ်စာများ၏ အရည်အတွက်ကို လျော့ချနိုင်ရန် သေးငယ်သောတူးဖော်ရေးတွင်းကို အသုံးပြုခြင်း။ |
| | | 2.1.2. SDF ဆိုင်ရာတူးဖော်ရေးအတွက်၊ ရွှံ့ကို တတ်နိုင်သမျှပြန်လည်အသုံးပြုနိုင်ရန် ပိတ်ထားသောစနစ်အတွင်း တူးဖော်ရေးဆောင်ရွက်ခြင်း။ |
| | | 2.1.3. မြန်မာ့ အမျိုးသားပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် တွင် ဖော်ပြထားသည့် အတိုင်း၊ ကျစ်စာများပင်လယ်တွင်ပျံ့နှံ့မှုဧရိယာကို ကန့်သတ်နိုင်ရန် ပင်လယ်မျက်နှာပြင်အောက် ရေလုံသည့်အခန်းမှတစ်ဆင့် ကျစ်စာများကို စွန့်ထုတ်ရမည် ဖြစ်ပါသည်။ |
| | 2.2. ရေယာဉ်များ နှင့် တွင်းတူးစက် မှ ဆီပါဝင်သည့်ရေဆိုးများ (ရေယာဉ်ဝမ်းပြားရေ၊ စက်ခန်း နှင့် ကုန်းပတ်မှစွန့်ထုတ်သည့် ဆီ-ဓာတုပါဝင်သည့် ရေဆိုး) စွန့်ထုတ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေးအပေါ် ထိခိုက်မှု။ | 2.2.1. *စီမံကိန်းရေယာဉ်များကို* MARPOL *၇၃/၇၈ နှင့်* PTTEPI *၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ချက်များနှင့်အညီ လည်ပတ်စေခြင်း။* |
| | 2.3. တွင်းတူးစက်၊ လူနေဆောင်၊ ထောက်ပံ့ရေး ရေယာဉ်များမှ ရေဆိုး နှင့် မိလ္လာရေးဆိုးစွန့်ထုတ်မှုကြောင့် ပင်လယ်ရေ အရည်အသွေးအပေါ် ထိခိုက်မှု။ | 2.3.1. အနီးဆုံးကမ်းမှ ရေမိုင် ၁၂ မိုင် (၂၂.၂၂ ကီလိုမီတာ) အကွာဝေးကျော်သို့ သယ်ယူမစွန့်ထုတ်မီ မိလ္လာရေဆိုးများကို စွန့်ပစ်ရေသန့်စင်ရေးစနစ်ဖြင့် သန့်စင်ခြင်း။ စွန့်ထုတ်ရေများသည် MARPOL ၇၃/၇၈ ၏သတ်မှတ်ချက်များနှင့် အညီဖြစ်ခြင်း။ |
| 3. ပင်လယ်ကြမ်းပြင် သွင်ပြင်လက္ခဏာများ | 3.1. တူးဖော်ရေးရွှံ့ နှင့် ကျစ်စာများစွန့်ထုတ်မှုကြောင့် ပင်လယ်ကြမ်းပြင် အနည်အနစ်သွင်ပြင်များအပေါ် ထိခိုက်နိုင်ခြင်း။ | 3.1.1. ရွှံ့ နှင့် ကျစ်စာများ၏ အရည်အတွက် စွန့်ထုတ်မှုကို လျော့ချနိုင်ရန် သေးငယ်သောတူးဖော်ရေးတွင်းကို အသုံးပြု ခြင်း။ |

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျော့ချရေးအစီအမံများ |
|---|---|---|
| 4. ပင်လယ်သက်ရှိသတ္တဝါများ နှင့် ပင်လယ်ဂေဟစနစ် | 4.1. ရွံ့များ နှင့် ကျစ်စာများစွန့်ထုတ်မှုမှ နောက်ကျိခြင်း၊ ဟိုက်ဒရိုကာဗွန် ညစ်ညမ်းစေခြင်း၊ တူးဖော်ရေးကျစ်စာရွံ့များ နှင့် ကျစ်စာများ၏ အဆိပ်ဖြစ်စေမှု နှင့် ကြီးမားသော သတ္တု/ဇရိုက်တီး ညစ်ညမ်းစေခြင်းတို့ကြောင့် ပင်လယ်ဂေဟစနစ်အပေါ် (ရေလွှာနေငါးများ နှင့် ကြမ်းပြင်နေငါးမျိုးများအပေါ်) ထိခိုက်နိုင်မှု။ | 4.1.1. အထက်ပါ နံပါတ် ၂.၁ အတိုင်း လျော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| | 4.2. ကမ်းလွန်အဆောက်အအုံများမှ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ နှင့် စွန့်ထုတ်မှုများ ကြောင့် ပင်လယ်ရေ အရည်အသွေး နှင့် အနည်အနစ်အပေါ် ထိခိုက်နိုင်ခြင်း နှင့် ရေမျက်နှာပြင်အဆင့် နှင့် ရေအောက်ကြမ်းပြင်ရှိ ပင်လယ်သက်ရှိ သတ္တဝါများ နှင့် ပင်လယ်ဂေဟစနစ်အပေါ် သွယ်ဝိုက် ထိခိုက်နိုင်မှု။ | 4.2.1. အထက်ပါ နံပါတ် ၂ အတိုင်း လျော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| **လူမှုဆိုင်ရာလျော့ချရေးအစီအမံများ** | | |
| 5. ရေလုပ်ငန်းလုပ်ကိုင်သောရပ်ရွာများ/ရေလုပ်ငန်း | 5.1. တွင်းတူးစက်၊ နှင့် ၎င်းနှင့် ဆက်စပ်သည့် ၅၀၀ မီတာ အန္တရာယ်ကင်းရှင်းရေးဇုန် နှင့် ထောက်ပံ့ရေးရေယာဉ်များ ရှိနေခြင်းကြောင့် ငါးဖမ်း နေရာ များ လျော့နည်းသွားခြင်း။ | 5.1.1. တူးစင်များစုဆောင်းမှု မပြုလုပ်မီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ညှိနှိုင်းလျှက် စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် "ရေကြောင်းသတိပေးချက်" ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ (ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် မြန်မာ့ရေတပ်) သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားဆောင်ရွက်ခြင်း။ |
| | | 5.1.2. လူနေဆောင် (ZPQ)၊ တွင်းတူးစင်များ (WPs) နှင့် တူးဖော်ရေးစင် ပတ်ပတ်လည်တွင် ၅၀၀ မီတာ ရှိ ဘေးအန္တရာယ်ကင်းရှင်းရေးဇုန် ကို သတ်မှတ်ထားရှိခြင်း။ |
| 6. သင်္ဘောသွားလာမှု/ရေကြောင်းသွားလာမှု | 6.1. သာကေတကမ်းခြေစခန်းများ နှင့် ကမ်းလွန် လုပ်ငန်းလည်ပတ်ရေးဧရိယာ အကြား ဓါတုပစ္စည်းများ နှင့် စွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကာလအတွင်း ပင်လယ်ရေယာဉ်များ၏ ရေကြောင်းသွားလာမှုအခြေအနေများအပေါ် အနှောင့်အယှက် ဖြစ်ပေါ်နိုင်ခြင်း။ | 6.1.1. တူးစင်များစုဆောင်းမှု မပြုလုပ်မီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ညှိနှိုင်းလျှက် စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် "ရေကြောင်းသတိပေးချက်" ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ (ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် မြန်မာ့ရေတပ်) သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားဆောင်ရွက်ခြင်း။ |
| | 6.2. ကမ်းလွန်အဆောက်အအုံများ နှင့် ရေယာဉ်များ ရှိနေခြင်းကြောင့် ရေကြောင်း သွား လာမှုအပေါ် အနှောင့်အယှက်ဖြစ်ပေါ်နိုင်ခြင်း။ | 6.2.1. တွင်းတူးစင်များ (WPs) နှင့် တူးဖော်ရေးစင် ပတ်လည်တွင် ၅၀၀ မီတာရှိ ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်ကို သတ်မှတ်ထားရှိခြင်း၊ နှင့် တိုက်မိခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ဘေးအန္တရာယ်ကင်းရှင်းရေးဇုန်သို့ ချဉ်းကပ်လာသော ငါးဖမ်းရေယာဉ်များ နှင့် ကုန်သွယ်ရေးရေယာဉ်များကို စောင့်ကြည့်ရန် ထောက်ပံ့ရေးရေယာဉ်များ ထားရှိခြင်း။ |

### ဇယား ၁.၅ ထုတ်လုပ်ရေး/လုပ်ငန်းလည်ပတ်ရေးကာလအတွင်း စီမံကိန်းအတွက် အဓိကလျှော့ချရေးအစီအမံများ

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုများ | လျှော့ချရေးအစီအမံများ |
|---|---|---|
| **ပတ်ဝန်းကျင်ဆိုင်ရာ လျှော့ချရေးအစီအမံများ** | | |
| 1. လေထုအရည်အသွေး | 1.1. ကမ်းလွန်အဆောက်အအုံများ နှင့်ထောက်ပံ့ရေး ရေယာဉ်များ တွင် တပ်ဆင်ထားသည့်စက်များလည်ပတ်မှုကြောင့်၊ လောင်စာလောင်ကျွမ်းမှုမှ လေထုတ်လွှတ်မှုများ။ | 1.1.1. လောင်စာလောင်ကျွမ်းမှုကိုစွမ်းရည်ပြည့်ဝစွာဆောင်ရွက်နိုင်ရန် ထုတ်လုပ်သူများ၏ အကြံပြုချက်များ/ထိန်းသိမ်းရေး အချိန်ဇယား အတိုင်း စက်ပစ္စည်းများအားလုံးအတွက် ပုံမှန်စစ်ဆေးခြင်း နှင့် ကာကွယ်ထိန်းသိမ်းခြင်း တို့ကို ပြုလုပ်ဆောင်ရွက်ခြင်း။ |
| | 1.2. ဓာတ်ငွေ့ထိန်းချုပ်ထုတ်လွှတ်မှု နှင့် ဓာတ်ငွေ့လောင်ကျွမ်းမှု ထိန်းချုပ်ခြင်းမှ လေထုတ်လွှတ်မှု။ | 1.2.1. ဆက်တိုက် ဓာတ်ငွေ့ထိန်းချုပ်ထုတ်လွှတ်မှု နှင့် ပုံမှန်မဟုတ်သော ဓာတ်ငွေ့လောင်ကျွမ်းမှု ထိန်းချုပ်ခြင်းကို ရှောင်ရှားခြင်း။ |
| 2. ပင်လယ်ရေ & အနည်အနစ် အရည်အသွေး | 2.1. ကမ်းလွန်အဆောက်အအုံများ မှ ဆီပါဝင်သည့်ရေဆိုးများ (ရေယာဉ် ဝမ်းပြားရေ၊ စက်ခန်း နှင့် ကုန်းပတ်မှစွန့်ထုတ်သည့် ဆီ-ဓာတုပါဝင်သည့် ရေဆိုး) စွန့်ထုတ်ခြင်းကြောင့် ပင်လယ်ရေအရည်အသွေး အပေါ် ထိခိုက်မှု။ | 2.1.1. *ကမ်းလွန်အဆောက်အအုံများကို* MARPOL *၇၃/၇၈ နှင့်* PTTEPI *၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ချက်များနှင့်အညီ လည်ပတ်စေခြင်း။* |
| | 2.2. တွင်းတူးစင်များ (WPs) နှင့် ထောက်ပံ့ရေးရေယာဉ်များမှ စွန့်ပစ်ရေ နှင့် မိလ္လာရေဆိုး စွန့်ထုတ်မှုကြောင့် ပင်လယ်ရေအရည်အသွေးကို ထိခိုက်နိုင်ခြင်း။ | 2.2.1. အနီးဆုံးကမ်းမှ ရေမိုင် ၁၂ မိုင် (၂၂.၂၂ ကီလိုမီတာ) အကွာဝေးကျော်သို့ သယ်ယူမစွန့်ထုတ်မီ မိလ္လာရေဆိုးများကို စွန့်ပစ်ရေသန့်စင်ရေးစနစ်ဖြင့် သန့်စင်ခြင်း။ စွန့်ထုတ်ရေများသည် MARPOL ၇၃/၇၈ နှင့် မြန်မာ့ NEQG ၏သတ်မှတ်ချက်များနှင့် အညီဖြစ်ခြင်း။ |
| | 2.3. စွန့်ထုတ်ထွက်ရှိလာသောရေ နှင့် စွန့်ထုတ်ထွက်ရှိလာသော သဲများစွန့်ထုတ်ခြင်းကြောင့် ပင်လယ်ရေ အရည်အသွေးအပေါ် ထိခိုက်နိုင်ခြင်း။ | 2.3.1. ပင်လယ်သို့စွန့်ထုတ်မှုမပြုလုပ်မီ၊ ထွက်ရှိလာသောရေဆိုးကို သင်္ဘောပေါ်ရှိ သန့်စင်ရေးစနစ်သို့ ပို့ဆောင်ခြင်း။ သန့်စင်ထားသော ရေဆိုးတွင် မြန်မာ့ NEQG သတ်မှတ်ချက်အရ ဆီ နှင့် ချောဆီသည် နေ့စဉ် ၄၂ မီလီဂရမ်/လီတာ သို့မဟုတ် လစဉ် ၂၉ မီလီဂရမ်/လီတာ အောက်သာ ပါဝင်ရမည် ဖြစ်ပါသည်။ |
| | | 2.3.2. စွန့်ထုတ်ထွက်ရှိလာသောသဲများ (၁ % အောက် ဆီပါဝင်မှု %ဖြစ်လျှင် သင်္ဘောပေါ်မှရေ ထဲသို့ စွန့်ထုတ်ခြင်း) နှင့် စပ်လျဉ်း၍ NEQG ကို လိုက်နာဆောင်ရွက်ခြင်း။ |

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုများ | လျော့ချရေးအစီအမံများ |
|---|---|---|
| 3. ပင်လယ်သက်ရှိသတ္တဝါများ နှင့် ပင်လယ်ဂေဟစနစ် | 3.1. ရေယာဉ်များ နှင့် တွင်းတူးစင်များ (WPs) မှ ဆီပါဝင်သည့်ရေဆိုးများ (ရေယာဉ် ဝမ်းပြားရေ၊ စက်ခန်း နှင့် ကုန်းပတ်မှစွန့်ထုတ်သည့် ဆီ-ဓာတုပါဝင် သည့် ရေဆိုး) စွန့်ထုတ်ခြင်းကြောင့် ပင်လယ်ရေ နှင့် အနည်အနစ် အရည်အသွေး အပေါ် ထိခိုက်မှုပြီး၊ ၎င်းမှ ပင်လယ် ဂေဟ စနစ် နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် တစ်ဆင့်ခံ ထိခိုက်နိုင်မှု။ | 3.1.1. အထက်ပါ နံပါတ် ၂.၁ အတိုင်း လျော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| | 3.2. တွင်းတူးစင်များ (WPs) နှင့် ထောက်ပံ့ရေးရေယာဉ်များမှ စွန့်ထုတ်ရေ နှင့် မိလ္လာရေဆိုး စွန့်ထုတ်ခြင်းကြောင့် ပင်လယ်ရေ နှင့် အနည်အနစ်အရည်အသွေး အပေါ်ထိခိုက်နိုင်ခြင်း၊ ၎င်းမှ ပင်လယ် ဂေဟ စနစ် နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် တစ်ဆင့်ခံ ထိခိုက်နိုင်မှု။ | 3.2.1. အထက်ပါ နံပါတ် ၂.၂ အတိုင်း လျော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| | 3.3. ထွက်ရှိလာသောရေဆိုးစွန့်ထုတ်မှုကြောင့် ပင်လယ်ရေ အရည်အသွေး အပေါ် ထိခိုက်နိုင်ခြင်း၊ ၎င်းမှ ပင်လယ် ဂေဟ စနစ် နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် တစ်ဆင့်ခံ ထိခိုက်နိုင်မှု။ | 3.3.1. အထက်ပါ နံပါတ် ၂.၁ အတိုင်း လျော့ချရေးအစီအမံများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| **လူမှုဆိုင်ရာ လျော့ချရေးအစီအမံများ** | | |
| 4. ရေလုပ်ငန်းလုပ်ကိုင်သောရပ်ရွာများ/ရေလုပ်ငန်း | 4.1. ပလက်ဖောင်းများရှိနေခြင်းကြောင့် ငါးဖမ်းဧရိယာများ လျော့နည်းသွားခြင်း။ | 4.1.1. တွင်းတူးစင် (WPs) ပတ်ပတ်လည်တွင် ၅၀၀ မီတာရှိ ဘေးအန္တရာယ်ကင်းရှင်းရေးဇုန် သတ်မှတ်ထားရှိခြင်း။ |
| 5. သင်္ဘောသွားလာမှု/ရေကြောင်းသွားလာမှု | 5.1. ကမ်းလွန်အဆောက်အအုံများရှိနေခြင်းကြောင့် ရေကြောင်း သွားလာမှု အပေါ် နှောင့်အယှက်ဖြစ်စေနိုင်ခြင်း။ | 5.1.1. အထက်ပါ နံပါတ် ၄.၁ အတိုင်း လျော့ချရေးအစီအမံများအားလုံးကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း။ |

## ဇယား ၁.၆ စီမံကိန်းအတွက် မမျှော်လင့်ထားသောဖြစ်စဉ်ဖြစ်ရပ်များဆိုင်ရာ အဆိုပြု အဓိက လျှော့ချရေးအစီအမံများ

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျှော့ချရေးအစီအမံများ |
|---|---|---|
| 1. ရေယာဉ်တိုက်မိမှု | 1.1. တိုက်မိမှုသည် ပစ္စည်းကိရိယာများသယ်ယူခြင်း နှင့် စင်များဆွဲယူခြင်း ကာလအတွင်း ဖြစ်ပေါ်လာနိုင်ပါသည်။ ဤ တိုက်မိမှုများသည် ရေလုပ်သားများ/ရေလုပ်ငန်းများ နှင့် ရေကြောင်းသွားလာမှု အပေါ် တိုက်ရိုက်ထိခိုက်နိုင်ပြီး၊ အနှောင့်အယှက်ဖြစ်မှုများကြောင့် တစ်ဆင့်ခံ ထိခိုက်မှုများလည်း ဖြစ်ပေါ်နိုင်ပါသည်။ တိုက်မိမှုသည် အများပြည်သူကျန်းမာရေး နှင့် လုပ်ငန်းခွင်ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့အပေါ် ထိခိုက်နိုင်ခြင်း။ | 1.1.1. PTTEPI ၏ SSHE စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| | | 1.1.2. တူးစင်များသယ်ယူပို့ဆောင်မှု မပြုလုပ်မီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ညှိနှိုင်းလျက် စီမံကိန်း ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် "ရေကြောင်းသတိပေးချက်" ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများ (ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် မြန်မာ့ရေတပ်) သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ အကြောင်းကြားဆောင်ရွက်ခြင်း။ |
| | | 1.1.3. တွင်းတူးစင်များ (WPs) ပတ်ပတ်လည်တွင် ၅၀၀ မီတာ ရှိ ဘေးအန္တရာယ်ကင်းရှင်းရေးဇုတ် သတ်မှတ်ထားရှိခြင်း။ |
| 2. မတော်တဆယိုဖိတ်မှုများ | 2.1. တူးဖော်ရေးအရည်များ၊ ဓာတုပစ္စည်းများ၊ သို့မဟုတ် ဒီဇယ်ဆီများမှ မတော်တဆယိုဖိတ်မှုများ သည် စီမံကိန်းအဆင့်များ အားလုံးတွင် ဖြစ်ပေါ်နိုင်ပြီး၊ ၎င်းမှ မြေပေါ်ရေအရည်အသွေးအပေါ် တိုက်ရိုက် ထိခိုက်နိုင်ခြင်း နှင့် အနည်အနစ် အရည်အသွေး နှင့် ပင်လယ်ဂေဟ စနစ်အပေါ် သွယ်ဝိုက် ထိခိုက်နိုင်ခြင်း။ | 2.1.1. အောက်ပါတို့အပါအဝင် PTTEPI ၏ SSHE စီမံခန့်ခွဲမှု စနစ်၏ သက်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း -<br>○ PTTEPI အရေးပေါ် နှင့် အကျပ်အတည်း စီမံခန့်ခွဲမှု အစီအစဉ် (ဆီ နှင့် ဓာတုပစ္စည်းများ မတော်တဆ ယိုဖိတ်လျှင်)။<br>○ PTTEPI ယိုဖိတ်မှုဆိုင်ရာအရေးပေါ် အစီအစဉ်။<br>○ PTTEPI SSHE လေ့ကျင့်သင်ကြားရေး & ကျွမ်းကျင်မှုစံချိန်စံညွှန်း။<br>○ PTTEPI မတော်တဆဖြစ်ရပ်ဆိုင်ရာ စီမံခန့်ခွဲမှုစံချိန်စံညွှန်း။<br>○ PTTEPI စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်။ |

| ကဏ္ဍ | ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ | လျှော့ချရေးအစီအမံများ |
|---|---|---|
| 3. တွင်းပွင့်ထွက်ခြင်း | 3.1. တွင်းပွင့်ထွက်ခြင်းသည် ဟိုက်ဒရိုကာဗွန်များ (ဆီ သို့မဟုတ် ဓာတ်ငွေ့) သည် ပင်လယ်နှင့် အနီးပတ်ဝန်းကျင် အပေါ် ဖိအားအမြင့်ဖြင့် ထုတ်လွှတ်မှုဖြစ်ပေါ်နိုင်ပြီး၊ ၎င်းမှ ပင်လယ်ရေ/အနည်အနစ် အရည်အသွေး၊ ပင်လယ်သက်ရှိများ နှင့် ပင်လယ်ဂေဟစနစ်၊ လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် အများပြည်သူကျန်းမာရေးအပေါ် ထိခိုက်နိုင်ခြေရှိခြင်း။ | 3.1.1. အောက်ပါတို့အပါအဝင် PTTEPI ၏ SSHE စီမံခန့်ခွဲမှု စနစ်၏ သက်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း -<br>○ PTTEPI ၏ တွင်းထွက်ပွင့်ခြင်းဆိုင်ရာအရေးပေါ် အစီအစဉ်။<br>○ ဆီ သို့မဟုတ် ဓာတုပစ္စည်းများယိုဖိတ်လျှင်၊ PTTEPI၏ အရေးပေါ် နှင့် အကျပ်အတည်း စီမံခန့်ခွဲမှု အစီအစဉ် ကို လိုက်နာဆောင်ရွက်ခြင်း။<br>○ PTTEPI ၏ ယိုဖိတ်မှုဆိုင်ရာ အရေးပေါ် အစီအစဉ်။<br>○ ကန်ထရိုက်တာ အတွက် PTTEPI ၏ SSHE သတ်မှတ်ချက်။<br>○ PTTEPI ၏ SSHE လေ့ကျင့်သင်ကြားရေး နှင့် ကျွမ်းကျင်မှု စီမံခန့်ခွဲရေး စံချိန်စံညွှန်း။<br>○ PTTEPI ၏ မတော်တဆဖြစ်ရပ် ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း။<br>○ PTTEPI ၏ ကမ်းလွန်ဆေးဝါးဆိုင်ရာ အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှု အစီအစဉ် (MERP)။<br>○ PTTEPI ၏ အကျပ်အတည်းဆက်သွယ်ရေး အစီအစဉ် နှင့် အကျပ်အတည်း စီမံခန့်ခွဲမှု အစီအစဉ်။ |
| | | 3.1.2. တွင်းပွင့်ထွက်မှုကာကွယ်ရေးတပ်ဆင်ခြင်း နှင့် သင့်လျော်သလို ပိတ်ခြင်း။ |
| 4. မီးလောင်ကျွမ်းခြင်း သို့မဟုတ် ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း | 4.1. မီးလောင်ကျွမ်းခြင်း သို့မဟုတ် ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း သည် လေအရည်အသွေး၊ PTTEPI ဝန်းထမ်းများ နှင့် ကန်ထရိုက်တာများအပေါ် ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် တည်ဆောက်ထားမှုများအပေါ် ပျက်စီးနိုင်ပါသည်။ ဓာတုပစ္စည်းများ ထုတ်လွှတ်မှု/ယိုဖိတ်မှု မှ ပင်လယ်ရေ/အနည်အနစ် အရည်အသွေး၊ ပင်လယ်သက်ရှိသတ္တဝါများ နှင့် ပင်လယ် ဂေဟစနစ်တို့ အပေါ် တစ်ဆင့်ခံ ထိခိုက်မှုများဖြစ်ပေါ်နိုင်ခြင်း။ | 4.1.1. ကမ်းလွန်အဆောက်အအုံများအားလုံး တွင် မီးသတ်ဗူးများ နှင့် အသိပေးခေါင်းလောင်းများ အပါအဝင်၊ ကာကွယ်ရေး မီးကာကွယ်ရေးကိရိယာများ ထောက်ပံ့ပေးထားခြင်း။ |
| | | 4.1.2. မီးလောင်ကျွမ်းမှု သို့မဟုတ် ပေါက်ကွဲမှုဖြစ်ပေါ်လျှင်၊ အရေးပေါ် နှင့် အကျပ်အတည်းစီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ မီးကာကွယ်ရေးကိရိယာများအတွက် ပုံမှန်စစ်ဆေးမှုများ နှင့် လေ့ကျင့်ခြင်းများ ပြုလုပ်ဆောင်ရွက်ခြင်း။ |

## 1.8 *စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အစီအမံများ*

မြန်မာ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးလမ်းညွှန်ချက်များတွင် ဤသို့အသေးစိတ် ဖော်ပြထားပါသည် - "*လုပ်ငန်းစီမံကိန်းများသည် ဆက်လက်၍ စဉ်ဆက်မပြတ် တက်ကြွစွာ ဘက်စုံထောင့်စုံမှ ကိုယ်တိုင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို လိုက်နာ ဆောင်ရွက်ရမည်။ ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းစီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ သတ်မှတ်ချက်များအတိုင်း အထွေထွေ လမ်းညွှန်ချက်နှင့် လုပ်ငန်းကဏ္ဍအလိုက်လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မှုအပေါ် လုပ်ငန်းစီမံကိန်းများက ကိုယ်တိုင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် တာဝန်ရှိသည်။*"

စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို ဥပဒေသတ်မှတ်ချက်များ (ဥပမာ-မြန်မာ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်များ)၊ နှင့် PTTEPI ၏ စီမံကိန်းဆိုင်ရာ သတ်မှတ်ချက်များ နှင့် ကိုက်ညီကြောင်းပြသရန် လိုအပ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှော့ချရေး/ထိန်းချုပ်ရေး အစီအမံများ၏ ယေဘုယျဒီဇိုင်း နှင့် ထိရောက်မှုကို အတည်ပြုပေးနိုင်မည်လည်း ဖြစ်ပါသည်။

စီမံကိန်းမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အပိုင်းကဏ္ဍများမှာ အောက်ပါတို့ဖြစ်ပါသည် -

- ရွှံ့များနှင့် ကျစ်စာများ (ရေတွင်မပျော်ဝင်နိုင်သောတူးဖော်ရေးဆိုင်ရာအရည် - NADF)၊
- ရွှံ့များနှင့် ကျစ်စာများ (ရေ ပေါ်အခြေခံသော ရွှံ့ - WBM)၊
- စွန့်ထုတ်ထွက်ရှိလာသောရေ၊
- စွန့်ထုတ်ထွက်ရှိလာသောသဲများ၊
- စစ်ဆေးခြင်းမှ စွန့်ပစ်ရည် စွန့်ထုတ်ခြင်း၊ နှင့်
- မိလ္လာထွက်အညစ်အကြေးများ။

ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအစီအစဉ်၏ အသေးစိတ်အချက်အလက်များကို ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၈*** တွင် တင်ပြထားပါသည်။

## 1.9 *အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း နှင့် အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်း*

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းသည် ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ထိခိုက်မှုဆန်းစစ်ခြင်းလေ့လာမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်၊ PTTEPI သည် မြန်မာ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ *လုပ်ထုံးလုပ်နည်း* အရ တိုင်ပင်ဆွေးနွေးမှုများအတွင်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် နှင့် ကျေးရွာအဆင့်တို့တွင် သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံတိုင်ပင်ခဲ့ပြီးဖြစ်ပါသည်။

PTTEPI သည် တနင်္သာရီတိုင်းဒေသကြီး နှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအပါအဝင် ဒေသခံအာဏာပိုင်အစိုးရအသီးသီးနှင့် ဦးစွာ ဆက်သွယ် တိုင်ပင်နှိုင်းဆွေးနွေးခဲ့ပါသည်။ ဤဆွေးနွေးတိုင်ပင်မှုများအရ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီး တို့သည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ (အထူးသဖြင့် ရေလုပ်ငန်းများ - လုပ်ကွက်အမှတ် M9 တွင် ရေလုပ် သား အများစုမှာ တနင်္သာရီတိုင်းဒေသကြီး သို့မဟုတ်

မွန်ပြည်နယ်မှဖြစ်သောကြောင့်) အားဖြင့် အသင့်လျော်ဆုံး စီမံခန့်ခွဲရေး ဆိုင်ရာ တည်နေရာအဖြစ် တွေ့ရှိရပါသည်။

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေးများ ကို နှစ်ကြိမ်တိုင်တိုင် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် (မြန်မာငါးလုပ်ငန်းအဖွဲ့ချုပ်)၊ မွန်ပြည်နယ် (မော်လမြိုင်)၊ နှင့် တနင်္သာရီတိုင်းဒေသကြီး (ထားဝယ် နှင့် ရေဖြူ) ရှိ သက်ဆိုင်ရာ သက်ဆိုင်သူများနှင့် ကျင်းပခဲ့ပါသည်။ ပထမအကြိမ်တိုင်ပင်ဆွေးနွေးမှုများကို ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်နေ့မှ မတ်လ ၂၈ ရက်နေ့အကြား ဆောင်ရွက်ခဲ့ကာ၊ ဒုတိယအကြိမ်ကို ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၂၄ ရက်နေ့ တို့အကြားတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

### 1.9.1 *ပထမအကြိမ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း*

ပထမအကြိမ် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အပြီး၊ ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်မှ မတ်လ ၂၈ အကြားတွင် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း လေ့လာမှုကို မျှဝေရန်၊ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းတွင်ပါဝင်သည့် အကြောင်းအရာများ အပေါ် သက်ဆိုင်သူများထံမှ မှတ်ချက်များ နှင့် တုန့်ပြန်ချက်များကို စုဆောင်းရန် နှင့် စီမံကိန်း နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ မေးခွန်းများကို ဖြေကြားရန် ဆောင်ရွက်ခဲ့ပါသည်။

တိုင်ပင်ဆွေးနွေးမှုများသည် စီမံကိန်းတွင် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်စားရသူများ နှင့် ဖြစ်ပေါ်လာနိုင်သည့် အချက်အလက်များကွာဟချက်များ နှင့် ၎င်းတို့ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာတွင် မည်ကဲ့သို့ ထည့်သွင်းလုပ်ဆောင်နိုင်သည့်အကြောင်း သတင်းအချက်အလက်များကို စုဆောင်းရာတွင် အကျိုးပြုပါသည်။ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုတွင် ဒေသခံရေလုပ်သားများ နှင့် ကျေးရွာသူ ကျေးရွာသားများ၊ ငါးလုပ်ငန်းဦးစီးဌာန (DoF)၊ ဝန်ကြီးချုပ်များ၊ ဒေသအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းဦးစီးဌာန နှင့် ဒေသခံရပ်ရွာကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်သူများနှင့် ခန်းမပုံစံ အစည်းအဝေးများကျင်းပခဲ့ပါသည်။

သက်ဆိုင်သူများမှ တင်ပြသည့် အဓိကအရေးကြီးသည့် စိုးရိမ်မှုများ မရှိပါ။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ယူမှု (Corporate Social Responsibility)၊ ယခင်စီမံကိန်းများမှ နစ်နာချက်များနှင့် စီမံကိန်း၏ နောက် ထပ် အသေးစိတ် အချက်အလက်များအတွက် ပန်ကြားမှုများဆိုင်ရာ သာမည မေးခွန်းများအချို့ကို မေးမြန်းခဲ့ကြပြီး၊ မေးမြန်းသည့် အကြောင်းအရာများအားလုံးကို အများပြည်သူနှင့် အစည်းအဝေးများ တွင် သက်ဆိုင်ရာ PTTEPI နှင့် ERM ကုမ္ပဏီတို့မှ တုန့်ပြန်ဖြေကြားခဲ့ပါသည်။ တိုင်ပင်ဆွေးနွေးမှုများ၏ အပြည့်အစုံဖော်ပြချက်ကို ဤပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၉*** တွင် တင်ပြထားပါသည်။

### 1.9.2 *ဒုတိယအကြိမ် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း*

ဒုတိယအကြိမ်ကို ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၂၄ ရက်နေ့တို့အကြားတွင်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ မူကြမ်း၏ ရလဒ်များကို မျှဝေရန် နှင့် သတ်မှတ်ထားသော သက်ရောက်မှုများ နှင့် အဆိုပြု လျော့ချရေးအစီအမံများအပေါ် မှတ်ချက်များ နှင့် တုန့်ပြန်ချက်များကို စုဆောင်းရန် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစည်းအဝေးများမှ ရရှိသည့် သက်ဆိုင်သူများ၏ မှတ်ချက်များ နှင့် အကြံပြုချက်များကို ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၉*** တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ သက်ဆိုင်သူများမှ တင်ပြသည့် အဓိကအရေးကြီးစိုးရိမ်မှုများ မရှိပါ။ ပူပေါင်းလူမှုတာဝန်ဝတ္တရား (Corporate Social Responsibility)၊ ဓာတ်ငွေ့ပေါင်းစပ်ပါဝင်မှု အခြေအနေ၊ နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး/လျှော့ချရေး အစီအမံများဆိုင်ရာသာမည မေးခွန်းအချို့ကို မေးမြန်းခဲ့ကြပြီး၊ မေးမြန်းသည့်အကြောင်းအရာများအားလုံးကို အများပြည်သူနှင့် အစည်းအဝေးများတွင် သက်ဆိုင်ရာ PTTEPI နှင့် ERM က တုန့်ပြန်ဖြေကြားခဲ့ပါသည်။

### *1.9.3 အဖွဲ့လိုက်ဆွေးနွေးမှုများ*

အဖွဲ့လိုက်ဆွေးနွေးမှု (FGD) သည် သဘာပတိလမ်းညွှန်ချက်ဖြင့် အသေးစိတ်ခေါင်းစဉ်တစ်ခုအပေါ် နောက်ခံအကြောင်းအရာတူသူများအုပ်စု (၆-၁၀ ဦး) ပါဝင်သည့် အဖွဲ့လိုက် ဆွေးနွေးဆောင်ရွက်မှုဖြစ်ပါသည်။ ယင်းကဲ့သို့ဆွေးနွေးမှုများ၏ အဓိကရည်ရွယ်ချက်မှာ အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ အဖွဲ့၏ သဘောထားဖြစ်စဉ်အမြင်ကို စုဆောင်းရန် နှင့် သက်ဆိုင်ရာ လူမှုစီးပွားအခြေခံ အချက်အလက်များကို စုဆောင်းရန်ဖြစ်ပါသည်။ ဤစီမံကိန်းအတွက် အဖွဲ့လိုက်ဆွေးနွေးမှုများ (FDGs) ကို စီမံကိန်းကြောင့်ဆိုးကျိုးထိခိုက်ခံရနိုင်ဖွယ်ရှိသည့် ရေလုပ်သားများ နှင့် ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့လိုက်ဆွေးနွေးမှုကို အထက်ဖော်ပြပါပထမအကျော့ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုအစည်းဝေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် (အဓိကအများပြည်သူနှင့် တိုင်ပင်ဆွေးနွေးသည့် အစည်းအဝေးအပြီးတွင်ဆောင်ရွက်ခြင်းကို) မော်လမြိုင်၊ ထားဝယ် နှင့် ရေဖြူမြို့တို့တွင် ဆောင်ရွက်ခဲ့ပါသည်။

အခြေခံအချက်အလက်များတည်ဆောက်ဖွဲ့စည်းမှုတွင် အဖွဲ့လိုက်ဆွေးနွေးမှု၏ ရလဒ်ကို ယခင်စုဆောင်း ထားသော တစ်ဆင့်ခံအချက်အလက်များနှင့်ပေါင်းစပ်မှုများပါဝင်ပါသည်။ အဖွဲ့လိုက်ဆွေးနွေးမှုများတွင် ငါးဖမ်းနေရာများ၊ ငါးဖမ်းကိရိယာများ၊ ဈေးကွက်၊ ငါးအမျိုးအစား၊ ရေလုပ်ငန်းကုန်ကျစရိတ် နှင့် ငါးဖမ်းရာသီ တို့ကို ဦးစားပေးဆောင်ရွက်ဆွေးနွေးခဲ့ပါသည်။

### *1.9.4 ထုတ်ဖော်ကြေငြာခြင်းလုပ်ငန်းများ*

PTTEPI သည် ထုတ်ဖော်ကြေငြာခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်း ကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၏ အဆင့်များကို သတင်းစာများတွင် (***အခန်း ၈*** နှင့် ***အခန်း ၉*** တို့တွင် အကျယ် တင်ပြ ထားသည့်အတိုင်း) ထုတ်ပြန်ခဲ့ပါသည်။ PTTEPI သည် တနင်္သာရီတိုင်းဒေသကြီးရှိ ရေဖြူနှင့် ထားဝယ်မြို့နယ်၊ မွန်ပြည်နယ်ရှိ မော်လမြိုင် နှင့် ရန်ကုန်တို့တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီဌာန (GAD) နှင့် ရေလုပ်ငန်းဦးစီးဌာန (DoF) ရုံးများတွင်လည်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၏ အစီရင်ခံစာအကျဉ်းချုပ်ကို မြန်မာဘာသာဖြင့် ထုတ်ပြန်ထားရှိမည် ဖြစ်ပါသည်။ ယင်းအပြင်၊ PTTEPI သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (အင်္ဂလိပ်ဘာသာ) အပြည့် အစုံ နှင့် အစီရင်ခံစာအကျဉ်းချုပ် (မြန်မာဘာသာ) တို့ကို www.pttep.com တွင်လည်း ဝင်ရောက် ဖတ်ရှု လေ့လာနိုင်ရန် ထားရှိမည် ဖြစ်ပါသည်။

### 1.9.5 *အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ အကျဉ်းချုပ်*

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းနှင့် စပ်လျဉ်း၍ အမြင်များ နှင့် အကြံပြုချက်များ ပေးနိုင်ရန် သက်ဆိုင်သူများအတွက် အခွင့်အလမ်းပေးရာတွင် အောင်မြင်ခဲ့ပါသည်။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းမှရရှိသော အမြင်များနှင့် အကြံပြုချက်များကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလေ့လာရေးတွင် အသုံးပြုခဲ့ပြီး၊ ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၉*** တွင် တင်ပြထားသည့်အတိုင်း ပတ်ဝန်းကျင်နှင့် လူမှုရေး သက်ရောက်မှုများ လျော့ကျစေရေးလုပ်ငန်းများ နှင့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းအစီအစဉ်များကို ပြင်ဆင်ရန် အထောက်အကူ ပြုခဲ့ပါသည်။

## 1.10 *ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်*

အထက်တွင် တင်ပြထားသည့်အတိုင်း PTTEPI မှ ကတိကဝတ်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေး အစီအမံများ၏ ထိရောက်မှု နှင့် ၎င်းကို လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးရန် နှင့် စောင့်ကြပ်ကြည့်ရှုနိုင်ရန် စီမံကိန်းလုပ်ငန်းများတွင်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ နှင့် လုပ်ငန်းစဉ်များကို သတ်မှတ်ပေးသော စီမံကိန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပြင်ဆင်ရေးသားခဲ့ပါသည်။ ထို့အပြင် ဥပဒေဆိုင်ရာ သတ်မှတ်ချက်များ နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီလိုက်နာဆောင်ရွက်စေရန် ဤ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ကို အသုံးပြုပါသည်။ စီမံကိန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အပြည့်အစုံကို ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၏ ***အခန်း ၈*** တွင် တင်ပြထားပါသည်။

## 1.11 *ကတိကဝတ်များတင်ပြချက်*

PTTEPI သည် ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် တင်ပြထားသည့် ကတိကဝတ်များ၊ လျော့ချရေး အစီအမံများ နှင့် အစီအစဉ်များကို အစဉ်တစိုက် အပြည့်အဝ လိုက်နာသွားမည် ဖြစ်ပါသည်။

PTTEPI သည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်များအားလုံး နှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး၊ စီမံကိန်း၏ ကန်ထရိုက်တာများ နှင့် ဆပ်ကန်ထရိုက်တာများအားလုံးမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်များ နှင့် စည်းကမ်းချက်များ အပြင်၊ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ နှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) တို့ အပါအဝင် သက်ဆိုင်ရာဥပဒေများ အားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်စေရန် တာဝန်ရှိပါသည်။

PTTEPI နှင့် ERM မှ အောက်ပါတို့ကို အတည်ပြုပါသည် -

(1) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာသည် တိကျ၊ ခိုင်မာပြီး ပြည့်စုံမှု ရှိပါသည်။

(2) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) အပါအဝင်၊ သက်ဆိုင်ရာဥပဒေများ နှင့် အညီ ဆောင်ရွက် ခဲ့ပါသည်။

(3) စီမံကိန်းသည် ဤ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များ၊ လျှော့ချရေးအစီအမံများကို နှင့် အစီအစဉ်များကို အပြည့်အဝ လိုက်နာဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## *1.12 နိဂုံးနှင့် အကြံပြုချက်များ*

အဆိုပြု ဇောတိက အဆင့် 1C နှင့် 1D ထုတ်လုပ်ရေးစီမံကိန်းအတွက် ဤ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလေ့လာမှုကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန (ယခင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ PTTEPI သည် ဆောင်ရွက် နေသည့် ပတ်ဝန်းကျင်နှင့်လူမှုရေးအကြောင်းအရာများနှင့် အဆိုပြုစီမံကိန်းနှင့် စပ်လျဉ်း၍ အဓိက ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်သက်ရောက်မှုများကို အသေအချာ ဆန်းစစ်ခဲ့ပြီး ကြောင်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာမှ ထင်ရှားစေပါသည်။ စီမံကိန်အသေးစိတ်ဖြစ်သော သတ်မှတ်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ကို စီမံကိန်းနှင့်စပ်လျဉ်း၍ သက်ရောက်မှုများ ကို စီမံခန့်ခွဲရန်နှင့် စီမံကိန်းဆောင်ရွက်စဉ်အတွင်း ဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက်မှုနှင့် အလေ့အထကောင်း စံညွှန်းများ ကို သေချာစေရန် ပြင်ဆင်ရေးဆွဲပြီး တင်ပြထားပါသည်။ အကြံပြုထားသော လျော့ကျစေရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ခြင်းဖြင့်၊ အဆိုပြု စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် သက်ရောက်မှုများကို PTTEPI က ပညာရှင်ပီသပြီး လက်ခံ နိုင်ဖွယ် ရှိသော ပုံစံဖြင့် စီမံခန့်ခွဲမည် ဖြစ်ပါသည်။ ဤသို့ဖြင့်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ကို ဤ စီမံကိန်းမှ သဘာဝပတ်ဝန်းကျင်နှင့်ဒေသခံများအပေါ် ကြီးမားသော ကြွင်းကျန်သက်ရောက်မှုများ မရှိနိုင်ကြောင်း နှင့် သက်ရောက်မှု အားလုံးကို လက်တွေ့ကျိုးကြောင်း ဆီလျော်စွာဖြင့် နည်းနိုင်သမျှနည်းအောင် စနစ် တကျ လျှော့ချနိုင်ကြောင်း ခြုံငုံသုံးသပ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ဖော်တင်ပြချက်လုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း လေ့လာချက်၏ အစီရင်ခံစာအကျဉ်းချုပ်ကို တနင်္သာရီ တိုင်းဒေသကြီးရှိ သွားရောက်လေ့လာခဲ့သောမြို့နယ်များဖြစ်သည့် ထားဝယ်နှင့် ရေဖြူ၊ မွန်ပြည်နယ်ရှိ မော်လမြိုင် နှင့် ရန်ကုန် တို့တွင် မြန်မာဘာသာဖြင့် ထုတ်ပြန်ချက်များ ပါဝင်မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ဖော်တင်ပြချက်ကို သတင်းစာများတွင် ကြေညာသွားမည် ဖြစ်ပါ သည်။ ထိတွေ့ဆက်ဆံရေး လုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင်၊ သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်းဆိုသည်မှာ စီမံကိန်းသက်တမ်းတစ်လျှောက်လုံး ဆောင်ရွက် သွားရမည့် လုပ်ငန်းစဉ်ဟု နားလည်ပါသည်။ ဤကိစ္စရပ်တွင် စီမံကိန်းကာလတစ်လျှောက်လုံး ဆောင်ရွက်သွား ရမည် ဖြစ်ပါသည်။ PTTEPI သည် ဆက်လက်ဆောင်ရွက်လျက်ရှိသော ဆွေးနွေးညှိနှိုင်းမှုများ ကို အကောင်အထည်ဖော်စီမံသွားမည်ဖြစ်ပြီး၊ သက်ဆိုင်သူ အသစ်များမှ စိုးရိမ်မှုများတင်ပြ လာလျှင် လည်း ကိုင်တွယ် ဖြေရှင်းခြင်း နှင့် သက်ဆိုင်သူများ၏ တုန့်ပြန်ချက်များကို စောင့်ကြပ် ကြည့်ရှုခြင်း များ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြ အပ်ပါသည်။